Food and Agriculture Organization of the United Nations

Working for #ZeroHunger

# Monitoring and Evaluation Training

## Phase 1

# စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း သင်တန်း

## ပထမအဆင့်

# Outline of the Training

While many manuals and training programs talk about monitoring, evaluation and learning (MEL or MEAL) as being the same, FAO is aiming to make everyone's work more effective and easier by separating all the different aspects;

- Project planning (including project design)
- Project implementation
- Project monitoring
- Project reporting
- Project evaluation and;
- Project learning which enables us to re-design projects

With all of them being viewed as separate activities using different methods.

FAO will not introduce a new monitoring or reporting system, but will aim to simplify and improve the quality of the existing system and the information that we gather, with more importance on how we do things, as well as what we do.

We will do this by implementing a simpler structure and providing training (this is just the start of the training) that encourages a change of overall methods, information gathering and most importantly a change in how we undertake different activities.

As part of this FAO has adopted a different approach with partners, we are going to listen much more.

This could be re-phrased as a change in the way we look at things – our viewpoint.

## သင်တန်း အစီအစဉ် လျာထားချက်များ

လက်စွဲစာအုပ် အများအပြား နှင့် သင်တန်းစီမံချက်များသည် စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းနှင့် သင်ယူခြင်း (MEL) သည် အတူတူဖြစ်ကြောင်း ပြောနေကြသည့်အချိန်မှာပင် FAO သည် လူတိုင်း၏ လုပ်ငန်းများ ပိုမိုလွယ်ကူစေရန် နှင့် ပိုမိုထိရောက်စေရန် ရည်ရွယ်၍ ကဏ္ဍများ အပိုင်းလိုက် ခွဲခြားထားသည်။

- စီမံကိန်း အစီအစဉ် ရေးဆွဲခြင်း (စီမံကိန်း ဒီဇိုင်း အပါအဝင်)
- စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း
- စီမံကိန်း စောင့်ကြည့်လေ့လာခြင်း
- စီမံကိန်း အစီရင်ခံခြင်း
- စီမံကိန်း အကဲဖြတ်သုံးသပ်ခြင်း နှင့်
- ကျွန်တော်တို့ စီမံကိန်းကို ပြန်လည် ဒီဇိုင်းရေးဆွဲနိုင်ရန်အတွက် စီမံကိန်းမှ သင်ယူခြင်း

၄င်းတို့အားလုံး ကွဲပြားခြားနားသော နည်းလမ်းများကို အသုံးပြု၍ သီးခြားလုပ်ရှားမှုများ ဆောင်ရွက်နေသည်ဟု အထင်အမြင်ခံကြရသည်။

FAO သည် စောင့်ကြည့်လေ့လာခြင်း သို့မဟုတ် အစီရင်ခံခြင်း စနစ်အသစ်ကို မိတ်ဆက်နေခြင်းမဟုတ်ပါ၊ သို့သော် လက်ရှိရှိနေသော စနစ်၏ အရည်အသွေး နှင့် ကျွန်တော်တို့ရရှိစုဆောင်းထားသော သတင်းအချက် အလက်များ လွယ်ကူစေရန် နှင့် တိုးတက်စေရန် ရည်ရွယ်ခြင်းနှင့်အတူ ကျွန်တော်တို့ မည်ကဲ့သို့ လုပ်ဆောင်သည် ဆိုသကဲ့သို့ ဘာကိုလုပ်သည်ဆိုသည်မှာ ပိုအရေးကြီးပါသည်။

ကျွန်တော်တို့ ဤအရာကို ရိုးရှင်းသော ဖွဲ့စည်းတည်ဆောက်ပုံ နှင့် သင်တန်းများထောက်ပံ့ခြင်းအားဖြင့် အကောင်အထည်ဖော်မည် (ဤသည်မှာ သင်တန်းအစပိုင်းသာရှိသေးသည်)။ ထိုသို့ပြုလုပ်ခြင်းသည် နည်းလမ်းအလုံးစုံ၏ ပြောင်းလဲခြင်း၊ သတင်းအချက်အလက်များ စုဆောင်းခြင်း နှင့် အရေးအကြီးဆုံးမှာ ကွဲပြားခြားနားသော လုပ်ရှားဆောင်ရွက်မှုများကို ကျွန်တော်တို့ မည်ကဲ့သို့ တာဝန်ယူဆောင်ရွက်သည် ဆိုသည်များကို တိုက်တွန်းအားတက်စေသည်။

ဤလက်စွဲ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် FAO သည် မိတ်ဖက်အဖွဲ့အစည်းများနှင့် ကွဲပြားခြားနားသော ချဉ်းကပ်မှုများကို လက်ခံကျင့်သုံးပြီး ကျွန်တော်တို့သည် နောက်ထပ်ချဉ်းကပ်မှုများကိုလည်း ပိုမိုလက်ခံသွား ပါမည်။

ဤသို့ပြုလုပ်ခြင်းသည် ကျွန်တော်တို့ လက်ရှိကျင့်သုံးနေသော အမြင်များကို အခြားနည်းလမ်းဖြင့် ပြောင်းလဲသွားစေနိုင်သည်။

## How will this be achieved?

FAO will achieve this by simplifying the systems, processes and language used so that projects can be more easily and more effectively monitored and documented.

This will allow information and feedback from those working in the field to be more easily used to learn and to help re-design of the next project.

Through this training FAO will make it quicker and easier to discuss with our partners what information FAO needs, and for our partners to gather that information.

We will also make it simpler to enter this information into the reporting system.

This will make it easier for the information the project staff already know and what FAO asks them to find out, to be passed on to others in Yangon and in the FAO-HQ.

A better system for entering and reporting the information is important so that the information is gathered and reported in way that other people who have never been to Myanmar, and do not understand the situation here will understand.

## ဤ လက်စွဲကို အောင်မြင်အောင် ဘယ်လိုလုပ်မလဲ

ဤ စီမံကိန်းအတွက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် မှတ်တမ်းတင်ခြင်းများကို ပိုပြီးထိရောက်စေရန်နှင့် လွယ်ကူစေရန်အတွက် စနစ်များ၊ လုပ်ငန်းစဉ်များနှင့် အသုံးပြုသည့် ဘာသာစကားများကို လွယ်ကူရိုးရှင်းအောင်ပြုလုပ်ခြင်းအားဖြင့် FAO သည် ဤလက်စွဲကို အောင်မြင်စေပါသည်။

လက်ရှိကွင်းဆင်းအလုပ်လုပ်နေသူများအတွက် သတင်းအချက်အလက်နှင့် အကြံပြုချက်များကို အလွယ်တကူအသုံးပြု လေ့လာနိုင်ပြီး နောင် စီမံကိန်းဒီဇိုင်းများကို ပြန်လည်ပြင်ဆင်ရေးသားနိုင်ရန် ခွင့်ပြုပေးသည်။

ဤသင်တန်းကြောင့် FAOအနေဖြင့် မိမိတို့ မိတ်ဖက်အဖွဲ့အစည်းများနှင့် မိမိတို့မည်သည့် သတင်းအချက်အလက်များလိုအပ်သည်ကို လွယ်လွယ်ကူကူ လျှင်လျှင်မြန်မြန် ဆွေးနွေးနိုင်ပြီး မိမိတို့ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့်လည်း သတင်းအချက်အလက်များကို စုဆောင်းနိုင်မည်ဖြစ်သည်။

အစီရင်ခံစနစ်အတွင်းသို့ သတင်းအချက်အလက်များထည့်သွင်းခြင်းကို လွယ်ကူစေရန် ရိုးရှင်းအောင်လည်း ဆောင်ရွက်မည်ဖြစ်သည်။

FAO မှရှာဖွေခိုင်းထားသည့် သတင်းအချက်အလက်များနှင့် စီမံကိန်းဝန်ထမ်းများသိရှိထားသည့် အချက်အလက်များကို FAO ဌာနချုပ်နှင့် ရန်ကုန်မှ အခြားအဖွဲ့အစည်းများကို ပြန်လည်သတင်းမျှဝေရာတွင် လွယ်ကူအောင်ဆောင်ရွက်ပေးသည်။

မြန်မာနိုင်ငံသို့ မရောက်ဖူးသူများနှင့် မြန်မာနိုင်ငံ၏ အခြေအနေကို မသိရှိသူများနားလည်နိုင်ရန်အတွက် စုဆောင်းထားသည့် သတင်းအချက်အလက်များကို အစီရင်ခံရာတွင် ပိုမိုကောင်းမွန်သည့် သတင်းအချက်အလက်ထည့်သွင်းခြင်းနှင့် အစီရင်ခံခြင်းစနစ်သည် အရေးကြီးသည်။

## What is Planning and Project Design?

Planning is undertaken before a project starts and is the job of staff in the FAO office in Yangon, and sometimes FAO head office, if the project is large or new to FAO, in conjunction with the relevant staff at the project implementation site.

The plan includes what we want to do in the project and what we want to learn from the project.

We will discuss how to design programs and how to re-design programs based on what we learn from the project reporting and evaluation later in this training.

### Why separate Monitoring and Evaluation? - 2

Monitoring and evaluation are of course connected, there are many reasons they should be separated, but we will only discuss the main reason.

Monitoring is essentially a routine task, set out in the project planning, and is best described as regularly;

- Checking up on how things are going, and;
- Making sure we are doing what we said we would do

Then, recording this information in a way that is useful to everyone involved, including staff of FAO and partners, FAO HQ and project donors.

The staff of FAO partner organizations involved in a project know the problems, ways to achieve success, and the difficulties in undertaking a project, because they see it every day as they go about their work. They talk to the people receiving the project and they talk to their colleagues about how to solve problems.

The staff of FAO partner organizations involved in a project are therefore the best people to conduct monitoring. They are also the best people to gather the monitoring information into a report, which we will discuss later in the training.

## အစီအစဉ်ရေးဆွဲခြင်းနှင့် စီမံကိန်းဒီဇိုင်းဆိုသည်မှာ ဘာလဲ။

အစီအစဉ်ရေးဆွဲခြင်းဆိုသည်မှာ စီမံကိန်းမစခင်တွင် စတင်ရခြင်းနှင့် ရန်ကုန်မှ FAO ဝန်ထမ်းများ၏ အလုပ်ဖြစ်ပြီး တခါတရံ FAO ရုံးချုပ်မှ ဝန်ထမ်းများလည်းပါဝင်သည်။ စီမံကိန်းကြီးလျှင် သို့မဟုတ် စီမံကိန်းသည် FAO အတွက် အသစ်ဖြစ်လျှင် စီမံကိန်းအကောင်အထည်ဖော်မည့် ဝန်ထမ်းများနှင့်ပါ ပူးတွဲ၍ လုပ်ကိုင်ရသည်များရှိသည်။

အစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းအတွင်းမိမိတို့ ဘာလုပ်ချင်သည်နှင့် စီမံကိန်းမှ မိမိတို့ ဘာကိုလေ့လာနိုင်သည်များ ပါဝင်သည်။

ဤသင်တန်းနောက်ပိုင်းတွင် စီမံကိန်းမှလေ့လာသိရှိရသောအချက်များအပေါ်မူတည်၍ စီမံချက်ကို ပြန်လည်ရေးဆွဲခြင်းနှင့် စီမံကိန်းကို မည်သို့ရေးဆွဲမည်ကို ဆွေးနွေးမည်။

## စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းကို ဘာကြောင့်ခွဲခြားထားလဲ။

စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းဟာ စပ်ဆက်နေပါတယ် သို့သော်လည်း ခွဲခြားထားရမည့် အကြောင်းပြချက်များစွာရှိသော်လည်း ကျွန်တော်တို့သည် အဓိကအချက်များကိုပဲ ဆွေးနွေးပါမည်။

စီမံကိန်းအစီအစဉ်ရေးဆွဲခြင်းစတင်ရာတွင် စောင့်ကြည့်လေ့လာခြင်းသည် မဖြစ်မနေ ပုံမှန်လုပ်ဆောင်ရမည့် တာဝန်ဖြစ်ပြီး စည်းစနစ်တကျ အကောင်းဆုံးဖော်ပြရန်မှာ

- လုပ်ငန်းဆောင်တာများ မည်သို့လည်ပတ်နေသည်ကို စစ်ဆေးခြင်းနှင့်
- ကျွန်တော်တို့ လုပ်မည်ဟုပြောထားသည်များကို လုပ်ဆောင်နေခြင်းရှိမရှိသေချာစေရန်

သတင်းအချက်အလက်များကို မှတ်သားရာတွင် FAO၏ ဝန်ထမ်းများနှင့် မိတ်ဖက် အဖွဲ့အစည်းများ၊ FAO ရုံးချုပ်နှင့် စီမံကိန်းအလှူရှင်များ အပါအဝင် စီမံကိန်းတွင်ပါဝင်နေသူများအားလုံး အသုံးပြုနိုင်ရမည်။

စီမံကိန်းတွင်ပါဝင်သည့် FAO မိတ်ဖက်အဖွဲ့အစည်းများ၏ ဝန်ထမ်းများသည် ပြဿနာများ၊ အောင်မြင်အောင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် စီမံကိန်းအကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို သိရှိရမည်။ အဘယ်ကြောင့်ဆိုသော် ဝန်ထမ်းများသည် နေ့စဉ် အလုပ်အတွင်းကြုံတွေ့နေရသောကြောင့် ဖြစ်သည်။ ဝန်ထမ်းများသည် စီမံကိန်းကို လက်ခံရရှိသူများနှင့် ပြောဆိုပြီး မိမိတို့ ဝန်ထမ်းအချင်းချင်း ပြဿနာများမည်သို့ဖြေရှင်းရမည်ကို ပြောဆိုကြသည်။

စီမံကိန်းအတွင်းပါဝင်သည့် FAO မိတ်ဖက်အဖွဲ့အစည်းများ၏ ဝန်ထမ်းများသည် စောင့်ကြည့်လေ့လာခြင်းပြုလုပ်ရန် အကောင်းဆုံးဝန်ထမ်းများဖြစ်သည်။ ထို့အပြင် ထိုဝန်ထမ်းများသည် စုဆောင်းထားသော စောင့်ကြည့်လေ့လာထားသည့် အချက်အလက်များကို အစီရင်ခံစာရေးသားရာတွင် အကောင်းဆုံးသောသူများ ဖြစ်သည်ကို ဤသင်တန်းနောက်ပိုင်းတွင် ဆွေးနွေးမည်။

# Quantitative or Qualitative Indicators, what are they?

## Quantitative Indicators are usually numbers – the quantity of something

Quantitative Indicators are essential to document and record so we make sure we are doing what we said we would do, Quantitative Indicators;

- Are crucial for assessing and documenting the possibility of change
- Provide information on project activities and direct outputs
- Provide information to compare project activities and the budget
- Provide information to assess the progress of the project
- Tell us if all of the activities of the project will be completed and;
- Tell us if we will reach the numerical targets in the project design and planning

But;

The number of activities completed, or;

The number of people who participated' or;

The amount of inputs provided (such as seeds)

Or other similar measurements, which are all quantitative indicators, are not enough to show what is happening or what if anything has changed because of the project;

Quantitative indicators provide the support or 'validity' for the Qualitative indicators, and it is these indicators that document change.

## အရည်အတွက်နှင့် အရည်အသွေး ဆိုင်ရာညွှန်းကိန်းများ ဟာ ဘာတွေလဲ။

### အရည်အတွက်ဆိုင်ရာ ညွှန်းကိန်းများဟာ များသောအားဖြင့် ဂဏန်းများ ဖြစ်ပါတယ်။ တခုခု၏ အရည်အတွက်

အရည်အတွက်ဆိုင်ရာ ညွှန်းကိန်းများသည် မှတ်တမ်းနှင့် မှတ်စုများအတွက် အသက်ဖြစ်သည့်အတွက် မိမိတို့ပြောထားသည့် ဘာလုပ်မည်ကို မိမိတို့ သေချာအောင် လုပ်ဖို့လိုသည်။ အရည်အတွက်ဆိုင်ရာ ညွှန်းကိန်းများ

- ပြောင်းလဲမှုဖြစ်နိုင်ခြေအကဲဖြတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်းအတွက် အလွန်အရေးပါသည်။
- စီမံကိန်း လှုပ်ရှားဆောင်ရွက်မှုများ နှင့် တိုက်ရိုက် ရလဒ်များအပေါ် သတင်းအချက်အလက်များ ထောက်ပံ့ပေးသည်။
- စီမံကိန်း လှုပ်ရှားဆောင်ရွက်မှုများ နှင့် ဘတ်ဂျက်ကို နှိုင်းယှဉ်ရန် သတင်းအချက်အလက်များ ထောက်ပံ့ပေးသည်။
- စီမံကိန်း အောက်မြင်တိုးတက်မှုကို အကဲဖြတ်ရန် သတင်းအချက်အလက်များ ထောက်ပံ့ပေးသည်။
- စီမံကိန်း၏ လှုပ်ရှားဆောင်ရွက်မှုအားလုံး ပြီးစီးပါလိမ့်မည်ဆိုသည်ကို ကျွန်နုပ်တို့အား ပြောပြသည်။
- ကျွန်ုနုပ်တို့၏ စီမံကိန်း ဒီဇိုင်း နှင့် အစီအစဉ်ရေးဆွဲခြင်း၏ ကိန်းဂဏန်းဆိုင်ရာ ပစ်မှတ်ကို ရောက်ရှိလိမ့်မည် ဆိုလျှင် ကျွန်နုပ်တို့အား ပြောပြသည်။

သို့သော်

လှုပ်ရှားဆောင်ရွက်မှု ကိန်းဂဏန်း အရည်အတွက် ပြီးစီးမှု သို့မဟုတ်

ပူးပေါင်းပါဝင်ခဲ့သူများ၏ ကိန်းဂဏန်း အရည်အတွက် သို့မဟုတ်

ထည့်သွင်းခဲ့သည့် ထောက်ပံ့မှု အရည်အတွက် (ဥပမာ - မျိုးစေ့များ စသဖြင့်)

သို့မဟုတ် အလားတူ အခြားသော တိုင်းတာမှုများ အားလုံးသည် အရည်အတွက်ဆိုင်ရာ ညွှန်းကိန်းများဖြစ်ကြပြီး ၎င်းတို့သည် ဘာတွေဖြစ်နေသလဲဆိုသည်များ နှင့် စီမံကိန်းကြောင့် တစ်ခုခုပြောင်းလဲသွားလျှင် ဆိုသည်များကို ဖော်ပြရန် မလုံလောက်ပါ။

အရည်အတွက်ဆိုင်ရာ ညွှန်းကိန်းများသည် အရည်အသွေးဆိုင်ရာ ညွှန်းကိန်းများအတွက် ထောက်ပံ့ပေးမှု သို့မဟုတ် ခိုင်လုံကျိုးကြောင်းညီညွတ်ခြင်းကို ထောက်ပံ့ပေးခြင်းနှင့် ယင်း ညွှန်းကိန်းများသည် မှတ်တမ်းများကို ပြောင်းလဲသည့် ညွှန်းကိန်းများဖြစ်သည်။

## Monitoring Indicators;

We use the project design, the logical Framework or the baseline for selecting monitoring indicators if possible, but sometimes we cannot do this, particularly when it is a;

- Emergency relief project
- A new type of project, or when;
- The project is over a long time span, and many things not connected to the project are likely to change

Therefore indicators can be from of the;

- Project design
- Logical Framework or;
- Baseline, and;

They can be from what we learned in a previous project, or can be added at a later stage, or a combination of everything above.

To identify the indicators, we need to first identify the main areas where measurements are essential and possible, after this we can add extra if we want.

### First we have to decide if the indicators will tell you something at the;

- Output level - such as number of people that attended a training session, or;
- The outcome level - such as what has happened because of the people attending the training

These are discussed more in the next sessions of the training.

## စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ ညွှန်းကိန်းများ

စီမံကိန်းဒီဇိုင်း၊ ယုတ္တိဗေဒ မူဘောင် သို့မဟုတ် စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ ညွှန်းကိန်းများ၏ အခြေပြုစံထားမှုများ ရှိခဲ့လျှင် အသုံးပြုသော်လည်း တခါတရံ အသုံးပြု၍ မရသောအချိန်များရှိသည်။ အသုံးပြု၍ မရသောအချိန်များမှာ-

- အရေးပေါ်ကယ်ဆယ်ရေး စီမံကိန်းများ
- စီမံကိန်းအမျိုးအစားအသစ်များ (သို့) ဘယ်အချိန်
- အချိန်ကြာမြင့်စွာလည်ပတ်နေသော စီမံကိန်းများနှင့် စီမံကိန်းနှင့် မပက်သတ်သော အကြောင်းအရာများ ပြောင်းလဲနိုင်သည့် စီမံကိန်းများ

ထို့ကြောင့် ညွှန်းကိန်းများသည် -

- စီမံကိန်းဒီဇိုင်းများ
- ယုတ္တိဗေဒ မူဘောင် သို့မဟုတ်
- အခြေပြုစံထားမှုများ နှင့်

ညွှန်းကိန်းများသည် ကျွန်တော်တို့ ယခင်စီမံကိန်းများမှ လေ့လာသင်ယူထားသည်များ သို့မဟုတ် စီမံကိန်းနောက်ဆုံးအဆင့်တွင် ထပ်မံပါဝင်လာနိုင်သည်များ သို့မဟုတ် အပေါ်တွင်ဖော်ပြခဲ့သည့် နှစ်မျိုးပေါင်းလည်း ဖြစ်နိုင်သည်။

ညွှန်းကိန်းများကို ခွဲခြားသတ်မှတ်ရန် ကျွန်တော်တို့သည် အဓိကနှင့် ဖြစ်နိုင်ခြေရှိသော တိုင်းတာမှုများကို ဆောင်ရွက်နိုင်သည့် အဓိကဧရိယာများကို ခွဲခြားရန်လိုအပ်သည်။ ထို့နောက်တွင်မှ အပိုတိုင်းတာမှုများကို ထပ်မံ ဖြည့်စွက်လိုလျှင် ဖြည့်စွက်နိုင်သည်။

### ပထမဆုံးအနေဖြင့် ညွှန်းကိန်းများသည် ကျွန်တော်တို့ကို တခုခုပြောပြနေခြင်းဟုတ်မဟုတ်ကို ဆုံးဖြတ်ရမည် -

- ရလဒ်အဆင့် - သင်တန်းချိန်တွက် တက်ရောက်သည့် သင်တန်းသားအရေအတွက်၊.......... သို့မဟုတ်
- ရလဒ်အခြေအနေ - သင်တန်းသားများ သင်တန်းတက်ရောက်သည့်အတွက် ဘာတွေဖြစ်ပျက်သွားတယ်၊.......

ဤအကြောင်းအရာများကို သင်တန်းနောက်ပိုင်းအချိန်များတွင် ဆက်ဆွေးနွေးသွားမည်။

## Indicators need to be;

**Informative:** An indicator should be reliable, specific and most importantly must tell you something you need to know.

**Relevant:** Indicators need to be closely related to the project activities, but they are for measuring and / or describing that thing only, nothing else

**Adequate:** The indicators separate or grouped together, must be 'good enough' to measure progress, but they do not need to be scientific or perfect

**Appropriate:** Choose the right number of indicators in relation to how reliable they are, and how essential they are

**Practical:** The indicator must be practical in relation to the time available, access, and finances available and they must be able to be interpreted

**Enough:** Have enough indicators, do not have too many, having too many just creates unnecessary work

# ညွှန်းကိန်းများသည် လိုအပ်သည် -

| | |
|---|---|
| သတင်းအချက်အလက်ပေးမှု။ | ။ညွှန်းကိန်းများသည်ယုံကြည်ရမည်။တိကျရမည်။ အရေးအကြီးဆုံး အနေဖြင့်သင်သိလိုသည့်အကြောင်းအရာကို တခုခုပြောပြနိုင်ရမည်။ |
| သက်ဆိုင်မှု။ | ။ညွှန်းကိန်းများသည် စီမံကိန်းလှုပ်ရှားဆောင်ရွက်မှုများနှင့် နီးနီးကပ်ကပ် သက်ဆိုင်မှုရှိရမည်။ သို့သော် ညွှန်းကိန်းများသည် တိုင်းတာခြင်း နှင့်(သို့မဟုတ်) ဖော်ပြချက် သီးသန့်ဖြစ်ရမည်။ အခြားလုပ်ဆောင်ချက်မဖြစ်ရပါ။ |
| ပြည့်မီမှု။ | ။သီးခြားညွှန်းကိန်းများ သို့မဟုတ် ပူးတွဲထားသောညွှန်းကိန်း များသည် တိုင်းတာရေးအစီအစဉ်အတွက် ပြည့်မီ ကောင်းမွန်မှု ရှိရမည်။ သို့သော် သိပ္ပံနည်းကျ သို့မဟုတ် ပြည့်စုံရန် မလိုအပ်ပါ။ |
| သင့်လျော်မှု။ | ။မှန်ကန်သည့် ညွှန်းကိန်းအရေအတွက်ကို ရွေးချယ်ရာတွင် ညွှန်းကိန်းများ၏ ယုံကြည်ရမှုနှင့် အရေးပါမှုတို့အပေါ် ဆက်စပ်၍ ရွေးချယ်ရမည်။ |
| လက်တွေ့ကျမှု။ | ။အချိန်ပေးနိုင်မှု၊ လက်လှမ်းမှီမှုရရှိနိုင်မှု၊ ငွေကြေးရရှိနိုင်မှု နှင့် ဘာသာပြန်ပေးနိုင်မှုတို့အပေါ်အခြေခံ၍ ညွှန်းကိန်းများသည် လက်တွေ့ကျရမည်။ |
| လုံလောက်မှု။ | ။လုံလောက်သည့် ညွှန်းကိန်းများရှိရမည်။ ညွှန်းကိန်း အရမ်းနည်းခြင်း၊ အရမ်းများခြင်းများသည် မလိုအပ်သော အလုပ်များကို ဖြစ်ပေါ်စေသည်။ |

## Qualitative Indicators, what are they?

Qualitative indicators measure and describe the effect of the project on particular people, communities or the target group(s), which are all called beneficiaries. These effects could be intended or unintended, and can be good or bad, negative or positive.

Qualitative indicators describe how the beneficiaries experience the activity, and what happens or what changes as a result of the activity and the experience.

### Qualitative Indicators, need to;

- Add information about the particular project
- Need to be specific and not just talk about the project
- Need to show who benefited from or is affected by the project activities, and;
- Should separate (disaggregate) who benefits

Depending on the project disaggregation could be according to gender, age, ethnicity, religion, social group, geographic location, target group selection or many other things.

When describing the changes actual real world descriptions are necessary, words like empowered, aware or enhanced do not tell us what we need to know without a real world description of what has changed and what is different because of the change.

- What changed?
- What is different?

Qualitative indicators can be subjective observations by the person assessing the project about changes in the beneficiaries' behaviour, or the overall benefit to them. But these observations need to be supported, and this is where the quantitative indicators (quantities and numbers) can provide the support (validity) to the observation that we need.

## အရည်အသွေးဆိုင်ရာ ညွှန်းကိန်းများ ဟာဘာလဲ။

အရည်အသွေးဆိုင်ရာညွှန်းကိန်းများသည် အကျိုးခံစားခွင့်ရှိသူဟု သတ်မှတ်သည့် လူတဦးတယောက်ချင်း၊ လူ့အဖွဲ့အစည်း သို့မဟုတ် သတ်မှတ်ထားသည့် အဖွဲ့အစည်းအပေါ်တွင် စီမံကိန်း၏ သတ်ရောက်မှုကို ဖော်ပြရန်နှင့် တိုင်းတာရန် အသုံးပြုသည်။ ဤအကျိုးသက်ရောက်မှုများသည် ရည်ရွယ်ချက်ရှိသည် သို့မဟုတ် ရည်ရွယ်ချက်မရှိ၊ အကောင်း သို့မဟုတ် အဆိုး၊ အပေါင်း သို့မဟုတ် အနုတ် ဖြစ်နိုင်သည်။

အရည်အသွေးဆိုင်ရာ ညွှန်းကိန်းသည် အကျိုးခံစားခွင့်ရှိသူ၏ လုပ်ရှားဆောင်ရွက်မှုအပေါ်တွင် ခံစားရသည့် အချက်များကို ဖော်ပြသည်။ ထို့အပြင် လုပ်ရှားဆောင်ရွက်မှုနှင့် အတွေ့အကြုံများပေါ်တွင် မည်သို့ဖြစ်ပျက်သွားသည်နှင့် ဘာတွေဖြစ်ပျက်သွားသည်ကို ရလဒ်အနေဖြင့် ဖော်ပြသည်။

## အရည်အသွေးဆိုင်ရာ ညွှန်းကိန်းများသည် လိုအပ်သည်

- စီမံကိန်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ဖြည့်သွင်းရန်
- စီမံကိန်းအကြောင်းပြောခြင်းမဟုတ်ပဲ တိတိကျကျရှိရန်လိုအပ်သည်
- စီမံကိန်းလုပ်ရာမှုများကြောင့် မည်သူ အကျိုးသက်ရောက်မှုရှိသည် သို့မဟုတ် မည်သူအကျိုးရှိသည် ကို ဖော်ပြရန် လိုအပ်သည်
- မည်သူအကျိုးရှိသည်ကို ခွဲခြားပြသင့်သည်

စီမံကိန်းပေါ် မူတည်၍ ကျား၊မ ဆိုင်ရာ၊ အသက်၊ တိုင်းရင်းသား မျိုးနွယ်စု၊ ဘာသာရေး၊ လူမှုရေး အုပ်စု၊ ပထဝီအနေအထား တည်နေရာ၊ ဦးတည်အုပ်စု ရွေးချယ်ခြင်း သို့မဟုတ် များပြားလှသော အခြား အချက်အလက်များ အရ စီမံကိန်း အချက်အလက်များ ခွဲခြားခြင်းဖြစ်နိုင်ပါသည်။

ပြောင်းလဲမှုကို ဖော်ပြရာတွင် အမှန်တကယ်တွင် လက်တွေ့ဘဝတွင် ဖြစ်ပျက်နေသော ဖော်ပြချက်သည် အရေးကြီးပါသည်။ အမှန်တကယ် လက်တွေ့ဘဝ၏ ဘာတွေ ပြောင်းလဲခဲ့ပြီလဲ နှင့် အပြောင်းအလဲကြောင့် ဘာတွေ ကွဲပြားခြားနားသွားပြီလဲဆိုသည်ကို ဖော်ပြချက် မပါဘဲနှင့် စွမ်းဆောင်နိုင်စွမ်း၊ သိမြင်ခြင်း သို့မဟုတ် တိုးမြှင့်ခြင်းစသည့် စကားလုံးများက ကျွန်ုပ်တို့ သိရန်လိုအပ်သည်များကို မပြောပြနိုင်ပါ။

- ဘာတွေပြောင်းလဲသွားခဲ့သလဲ?
- ဘာတွေက ကွဲပြားခြားနားမှုလဲ?

အကျိုးခံစားခွင့်ရှိသူများ၏ အပြုအမူအပြောင်းအလဲ သို့မဟုတ် ၄င်းတို့အတွက် အလုံးစုံ အကျိုးကျေးဇူးများအကြောင်း စီမံကိန်း အကဲဖြတ်သူ၏ ပုဂ္ဂလလေ့လာတွေ့ရှိချက်မှ အရည်အသွေးဆိုင်ရာ ညွှန်းကိန်းများ ဖြစ်နိုင်ပါသည်။ သို့သော်လည်း ဤလေ့လာတွေ့ရှိချက်များသည် အထောက်အပံ့ဖြစ်ရန် လိုအပ်သည့်အပြင် ကျွန်တော်တို့လိုအပ်သော လေ့လာတွေ့ရှိချက်များကို အထောက်အပံ့ (ခိုင်လုံကျိုးကြောင်းညီညွှတ်ခြင်း) ကို အရည်အတွက်ဆိုင်ရာ ညွှန်းကိန်းများ (အရည်အတွက် နှင့် ဂဏန်းများ) က ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။

## Qualitative Indicators measure Actual Change

Qualitative indicators measure the change that has happened because the beneficiaries had a higher crop yield.

Qualitative indicators can describe changes in 'lifestyle indicators', such as;

- Reduced inter-community violence
- Increased food security
- Increased economic security
- Increased economic opportunity
- Increased opportunities for children to attend school because they are not needed to work in the fields and other similar large changes in the quality of life for the person.

Lifestyle indicators are different than 'normal' indicators – because they are capable of causing a 'multiplier effect'. A multiplier effect is when other things (sometimes many other things) happen, because of the initial change.

An example being that when food security is increased, tension in the community decreases, because there is less tension – people feel more secure, so there are less arguments, less conflict and less injuries and therefore less people attending the clinic.

OR

When children do not have to work in the fields so much, they can go to school, therefore the next generation of adults are better educated and more capable of earing a higher income later in life.

Qualitative indicators, might describe what is happening now, or what might happen in the future.

But this all starts and is only possible with the Quantitative information from the monitoring.

## အရည်အသွေးဆိုင်ရာ ညွှန်းကိန်းများ အမှန်တကယ်ပြောင်းလဲမှုကို တိုင်းတာခြင်း

အရည်အသွေးဆိုင်ရာ ညွှန်းကိန်းများသည် ဖြစ်ပျက်ခဲ့သည့် ပြောင်းလဲမှုများကို တိုင်းတာသည်။ အဘယ်ကြောင့်ဆိုသော် အကျိုးခံစားခွင့်ရှိသူများသည် ထွက်နှုန်းတိုးခဲ့သောကြောင့်ဖြစ်သည်။

အရည်အသွေးဆိုင်ရာ ညွှန်းကိန်းများသည် လူနေမှုပုံစံ ညွှန်းကိန်းများ၏ ပြောင်းလဲမှုများကို ဖော်ပြနိုင်သည်

- လူ့အဖွဲ့အစည်းအတွင်း အကြမ်းဖက်မှုများ လျော့ချခြင်း
- စားနပ်ရိက္ခာလုံခြုံမှု တိုးမြှင့်ခြင်း
- စီးပွားရေးလုံခြုံမှု တိုးမြှင့်ခြင်း
- စီးပွားရေးအခွင့်အလမ်းများ တိုးမြှင့်ခြင်း
- ကလေးများအတွက် ကျောင်းတက်နိုင်မည့် အခွင့်အရေး မြှင့်တင်ပေးသည် အဘယ်ကြောင့်ဆိုသော် ကလေးများသည် လုပ်ငန်းခွင်ထဲတွင် အလုပ်လုပ်စရာမလိုသည့် အတွက်နှင့် လူနေမှုအရည်အသွေးအတွက် ထိုသူ၏ အခြားတူညီသော ကြီးမားသည့် ပြောင်းလဲမှုများကြောင့်ဖြစ်သည်။

လူနေမှုပုံစံညွှန်းကိန်းများသည် သာမန်ညွှန်းကိန်းများနှင့် ကွဲပြားပါသည်။ အဘယ်ကြောင့်ဆိုသော် လူနေမှုပုံစံ ညွှန်းကိန်းများတွင် ဆင့်ပွားအကျိုးသက်ရောက်မှုရှိသောကြောင့် ဖြစ်သည်။ အခြားသော အရာများ (တစ်ခါတစ်ရံတွင် များပြားလှသော အခြားအရာများ) ဖြစ်ပျက်သောအချိန်တွင် ဆင့်ပွားအကျိုး သက်ရောက်မှုကြောင့် ကနဦးပြောင်းလဲမှုဖြစ်ပေါ်သည်။

ဤအရာကို ဥပမာပေးရလျှင် စားနပ်ရိက္ခာ ဖူလုံမှုတိုးတက်လာသောအခါ လူ့အဖွဲ့အစည်းထဲတွင် တင်းမာမှု များ လျော့ကျလာသည်။ အဘယ်ကြောင့်ဆိုသော် တင်းမာမှုများ လျော့လာသည့်အခါ လူများသည် လုံခြုံ စိတ်ချမှု ပိုမိုခံစားလာရသည်။ ထို့ကြောင့် ငြင်းခုံမှုများနည်းလာပြီး ပဋိပက္ခ နှင့် ထိခိုက်မှုများ နည်းလာသော ကြောင့် လူများ ဆေးခန်း၊ ဆေးရုံသွားရခြင်းများ လျော့နည်းလာသည်။

### သို့မဟုတ်

ကလေးများ လုပ်ငန်းခွင်ထဲတွင် အလုပ်လုပ်ရခြင်း နည်းလာသောအခါ ကျောင်းသို့သွားနိုင်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များသည် ပိုမိုပညာတတ်လာပြီး ပိုက်ဆံရှာနိုင်သည့်စွမ်းရည် ပိုလာပြီး ဘဝတွင် မြင့်မားသည့် လုပ်ခလစာ ပိုမိုရရှိလာနိုင်မည်။

အရည်အသွေးဆိုင်ရာ ညွှန်းကိန်းများသည် ယခုလက်ရှိတွင် ဘာဖြစ်နေသည် သို့မဟုတ် အနာဂတ်တွင် ဘာဖြစ်နိုင်မည်ဆိုသည်ကို ဖော်ပြနိုင်သည်။

သို့သော်လည်း စောင့်ကြည့်လေ့လာခြင်းမှ အရည်အတွက်ဆိုင်ရာ ညွှန်းကိန်းများ နှင့်သာလျှင် ဤအရာအားလုံးစတင်နိုင်ပြီး ဖြစ်နိုင်ချေရှိမည်ဖြစ်သည်။

## Monitoring is not unusual; we all do it all the time.

We monitor just about everything we do in our everyday life, and we certainly monitor the important things in life.

- We monitor our children for their health, happiness and wellbeing
- We monitor the food we eat to make sure it is not spoilt
- We monitor our own health, and our relationships
- We monitor the weather, and;
- We monitor the political situation to mention only a couple of things

In these daily routines, we use a Baseline: what is 'normal' in the circumstances, so that we know if things are staying the same and;

Indicators: These are what we check to assess if things are normal, or something is changing, and if it is changing how much it is changing.

- Everyday indicators we use all the time are based on things like;
- The changes in behaviour of a healthy baby or child
- The colour and smell of food
- The colour of the clouds in the sky, or;
- What is happening on the news we see and listen to on our phones and the TV

These indicators help us decide what steps to take next:

- Should we take our child or baby to the clinic?
- Should we throw away the smelly, funny coloured food?
- Should we take an umbrella when we go out for the day, or;
- Should we do something different today because of what we heard this morning

## စောင့်ကြည့်လေ့လာခြင်းသည် ပုံမှန်အလုပ်ဖြစ်ပါသည်။ ကျွန်တော်တို့ နေ့တိုင်းလုပ်နေတဲ့ အလုပ်ဖြစ်ပါတယ်။

ကျွန်တော်တို့သည် ကျွန်တော်တို့၏နေ့စဉ်ဘဝတွင် အရာအားလုံးကို စောင့်ကြည့်လေ့လာကြပါသည်။ ထို့အပြင် ဘဝအတွက် အရေးကြီးသည့် အချက်များကိုလဲ စောင့်ကြည့်လေ့လာပါသည်။

- ကျွန်တော်တို့သည် ကျွန်တော်တို့ ကလေးတွေရဲ့ ကျန်းမာရေး၊ ပျော်ရွှင်မှုနှင့် သာယာဝပြောရေး တို့ကို စောင့်ကြည့်လေ့လာပါသည်။
- ကျွန်တော်တို့သည် ကျွန်တော်တို့စားသောက်သည့် အစားအသောက်များ ကောင်းမွန်မှုရှိရန်ကိုလဲ စောင့်ကြည့်လေ့လာကြပါသည်။
- ကျွန်တော်တို့သည် မိမိကိုယ်တိုင်၏ ကျန်းမာရေးနှင့် ပတ်သက်ဆက်နွယ်မှုများကို စောင့်ကြည့်လေ့လာပါသည်။
- ကျွန်တော်တို့သည် ရာသီဥတုကိုလည်းစောင့်ကြည့်လေ့လာသည်။
- ကျွန်တော်တို့သည် အချို့သော အကြောင်းအရာများကို ဖော်ပြရန် နိုင်ငံရေးအခြေအနေများ ကိုလည်း စောင့်ကြည့်လေ့လာသည်။

ယခုကဲ့သို့သော နေ့စဉ်လုပ်ငန်းစဉ်တာများတွင် ကျွန်တော်တို့သည် **အခြေပြုစံထားခြင်း**များကို အသုံးပြုသည် - အကြောင်းအရာများသည် တူညီသော အနေအထားတွင် ရှိနေလျှင် အခြေအနေများတွင် ပုံမှန်ဆိုတာ ဘာလဲ ဆိုသည်ကို ကျွန်တော်တို့ သိနိုင်သည်။ ဤသို့ဖြင့်

ညွှန်းကိန်းများ - အကြောင်းအရာများသည် ပုံမှန် သို့မဟုတ် တစ်ခုခုပြောင်းလဲသွားလျှင် အကဲဖြတ်ရန် ကျွန်တော်တို့ စစ်ဆေးသည့်အရာများဖြစ်သည်။ ထို့အပြင် ထိုအရာသည် ပြောင်းလဲသွားလျှင် မည်မျှပြောင်း လဲသွားသည်ကိုလည်း သိနိုင်သည်။

- ကျွန်တော်တို့အချိန်တိုင်းနေ့စဉ်သုံးနေသော ညွှန်းကိန်းများသည် အောက်ပါအကြောင်းအရာများ ပေါ်တွင် အခြေခံသည်။
- ကျန်းမာသော ကလေးငယ်တစ်ဦး သို့မဟုတ် ကလေး၏ အပြုအမူ အပြောင်းအလဲများ
- အစားအစာ၏ အနံ့နှင့် အရောင်
- ကောင်းကင်မှ တိမ်၏ အရောင် သို့မဟုတ်
- ကျွန်တော်တို့ ဖုန်း နှင့် ရုပ်မြင်သံကြားမှ မြင်နေ နားထောင်နေရသော ဖြစ်ပျက်နေသည့် သတင်းများ

ဤညွှန်းကိန်းများသည် ကျွန်တော်တို့ နောက်တစ်ဆင့်သွားရန်အတွက် ဆုံးဖြတ်မှုများကို ကူညီပေးကြသည်။

- ကျွန်တော်တို့ ကလေးငယ် သို့မဟုတ် ကလေးကို ဆေးခန်းပို့သင့်သလား?
- အနံ့မကောင်း အရောင်ပြောင်းသွားသော အစားအစာများကို လွှတ်ပစ်သင့်သလား?
- ဒီနေ့ အပြင်သွားရင် ထီးယူသွားသင့်သလား သို့မဟုတ်
- ဒီမနက်ကြားလိုက်ရသည့် သတင်းကြောင့် ဒီနေ့ မတူတာတစ်ခုခု လုပ်သင့်သလား

## How do we Monitor things in projects?

Monitoring project activities, projects and programs is based on a similar logic as what we use in everyday life.

We monitor projects so that we know if things are working and if things are changing, they could be getting better, they could be getting worse or maybe they are just different, and we need to find out why.

We monitor to look for signs of change / what is the same / what is different, we compare the situation today with how things were yesterday, last season or last year. From this we know if things are changing or staying the same.

Monitoring can help good programs become better, and can help programs that are on not working out get back on the right track.

Without monitoring (and reporting), it is difficult to justify keeping on doing what we are doing, or why the donors should continue supporting the project.

Monitoring is not always done to produce empirical (precise or scientific) evidence that is 100% correct, sometimes we can do this (such as when we provide seeds and other direct inputs, or how many people attended training), and when we can it is great.

But sometimes we gather information that is reliable, relevant, practical and informative, and that is the best we can do.

The monitoring provides the evidence on the ground, we will talk about next.

## စီမံကိန်းများတွင် ကျွန်တော်တို့ စောင့်ကြည့်လေ့လာခြင်းကို ဘယ်လိုလုပ်မလဲ?

စီမံကိန်း လုပ်ရှားဆောင်ရွက်မှုများ၊ စီမံကိန်းများ နှင့် စီမံချက်များကို စောင့်ကြည့်လေ့လာခြင်းသည် ကျွန်တော်တို့ နေ့စဉ်ဘဝတွင် အသုံးပြုနေသော တူညီသော သဘောတရားများပေါ်တွင် အခြေခံသည်။

ကျွန်တော်တို့သည် စီမံကိန်းများကို စောင့်ကြည့်လေ့လာကြသည့်အတွက် အကြောင်းအရာများသည် ပုံမှန်လုပ်ဆောင်နေခြင်းနှင့် ပြောင်းလဲခဲ့သည်ရှိသော် ကောင်းသည့်ဘက်ကို ပြောင်းလဲလာသည်။ အကယ်၍ ဆိုးသည့်ဘက်သို့ပြောင်းလဲသွားလျှင် သို့မဟုတ် မတူညီတော့လျှင် ကျွန်တော်တို့သည် ဘာကြောင့် ပြောင်းလဲ၊ မတူညီတော့သည်ကို အဖြေရှာနိုင်မည်။

ကျွန်တော်တို့သည် ပြောင်းလဲမှု သင်္ကေတများ - ဘယ်ဟာတွေကတူလဲ၊ ဘယ်ဟာတွေက မတူတော့ဘူးလဲ ကို သိရှိရန်အတွက် စောင့်ကြည့်လေ့လာကြသည်။ ထို့နောက် ကျွန်တော်တို့သည် ယနေ့လက်ရှိ အခြေအနေနှင့် မနေ့ကအခြေအနေ၊ ပြီးခဲ့တဲ့ရာသီက အခြေအနေ သို့မဟုတ် မနှစ်က အခြေအနေတို့နှင့် နှိုင်းယှဉ်ပြီး အခြေအနေများသည် ပြောင်းလဲနေသည်၊ တူညီသည်ကို သိရှိနိုင်သည်။

စောင့်ကြည့်လေ့လာခြင်းသည် ကောင်းမွန်သည့် စီမံကိန်းကို ပိုမိုကောင်းမွန်အောင် နှင့် အစီအစဉ်မကျသည့် စီမံကိန်းများကို အစီအစဉ်တကျပြန်ဖြစ်လာအောင် ကူညီပေးနိုင်သည်။

စောင့်ကြည့်လေ့လာခြင်း(အစီရင်ခံခြင်း)မရှိလျှင် ကျွန်တော်တို့ လုပ်နေတာတွေကို ဆက်လက် လုပ်ဆောင်ရန်နှင့် ကူညီထောက်ပံ့သူများမှလည်း စီမံကိန်းကို ဆက်လက်ကူညီ ထောက်ပံ့ပေးရန် ဆုံးဖြတ်ဖို့ ခက်ခဲ့လိမ့်မည်။

စောင့်ကြည့်လေ့လာခြင်းသည် ၁၀၀% မှန်ကန်သည်ဆိုသော လက်တွေ့ကျသော(တိကျသော သို့မဟုတ် သိပ္ပံနည်းကျသော) အထောက်အထားများကို အမြဲမဖော်ပြပေးနိုင်ပါ။ တခါတရံ တော့ ကျွန်တော်တို့ လုပ်နိုင်ပါသည် (ကျွန်တော်တို့ မျိုးစေ့များနှင့် အခြားသောတိုက်ရိုက် သွင်းအားစုများကို ထောက်ပံ့ပေးသည့်အခါ သို့မဟုတ် သင်တန်းကို လူဘယ်နှစ်ယောက်လာတက်သလဲ ကဲ့သို့သောကိစ္စများတွင်) နှင့် ကျွန်တော်တို့ လုပ်နိုင်သောအခါတွင် လုပ်သည်မှာ ကောင်းသည်။

သို့သော်လည်း တခါတရံတွင်တော့ ကျွန်တော်တို့သည် ခိုင်လုံသော၊ သက်ဆိုင်သော၊ လက်တွေ့ကျခြင်းနှင့် သတင်းအချက်အလက်ပေးနိုင်သော သတင်းများကို စုဆောင်းနိုင်ပြီး ဤအရာသည် ကျွန်တော်တို့ အကောင်းဆုံး လုပ်နိုင်သည့် အရာဖြစ်သည်။

စောင့်ကြည့်လေ့လာခြင်းသည် လုပ်ငန်းခွင်တွင်ရှိသည့် အထောက်အထားများကို ထောက်ပံ့ပေးသည်။ ဤအကြောင်းကို ကျွန်တော်တို့ နောက်ပိုင်းတွင် ဆွေးနွေးကြမည်။

## Monitoring is based on the 'evidence on the ground'

The evidence needs to be something you can either see, count, smell, or hear, the evidence informs the indicator.

Monitoring is about observing and describing - reality – to do this we measure 'tangible' results, or actual events.

The 'evidence on the ground', will be used to test and justify the principles behind the project, and the project's design, planning, implementation, and selection of objectives.

Field workers involved in projects have detailed knowledge about the activities, progress and changes happening, BUT this information can be lost on the way from the experiences and memories of each person before it gets collected.

This is why we need a system or standard way of gathering, retaining and working with the information that people involved in projects already have.

Monitoring systems can be dynamic or static;

- Dynamic means they change as the project moves through different stages
- Static means they stay the same all the way through the project

For all the reasons we have discussed, FAO and project partners need to monitor our work, and we need to monitor our work in a formal structured way.

This structure is often based on a version of a Logical Framework Analysis (LFA), which we will talk about later in the training.

## စောင့်ကြည့်လေ့လာခြင်းသည် 'လုပ်ငန်းခွင်အတွင်းမှ အထောက်အထား' ပေါ်တွင် အခြေခံသည်

အထောက်အထားများသည် ညွှန်းကိန်းများကို ညွှန်ပြပြီး ၎င်းအထောက်အထားများသည် မြင်နိုင်ရမည်၊ ရေတွက်နိုင်ရမည်၊ အနံ့ခံနိုင်ရမည်၊ သို့မဟုတ် ကြားနိုင်ရမည် ဖြစ်သည်။

ကျွန်တော်တို့သည် မြင်သာသည့် ရလဒ် သို့မဟုတ် အမှန်တကယ် အဖြစ်အပျက်ကို တိုင်းတာခြင်းဖြင့် စောင့်ကြည့်လေ့လာခြင်းသည် အမှန်တကယ်ဖြစ်ပျက်နေသည်များကို လေ့လာခြင်းနှင့် ဖော်ပြခြင်း ဖြစ်သည်။

လုပ်ငန်းခွင်အတွင်းမှ အထောက်အထားများသည် စီမံကိန်း၏ နောက်ကွယ်တွင်ရှိသည့် စည်းမျဉ်းစည်းကမ်းများနှင့် စီမံကိန်းဒီဇိုင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း နှင့် ရည်ရွယ်ချက်များရွေးချယ်ခြင်း ကို စမ်းသပ်ရန်နှင့် မှန်ကန်ကြောင်းသက်သေပြရန် အသုံးပြုသည်။

စီမံကိန်းအတွင်း အလုပ်လုပ်နေသည့် ဝန်ထမ်းများသည် စီမံကိန်းနှင့် ပတ်သက်သည့် လှုပ်ရှားမှုများ၊ လုပ်ငန်းစဉ်များနှင့် ပြောင်းလဲမှုများအတွက် အသေးစိတ်အချက်အလက်များကို သိရှိသော်လည်း ၎င်းတို့ သိရှိထားသည့်အချက်အလက်များသည် တဦးတယောက်ချင်းစီ၏ မှတ်ဉာဏ်နှင့် အတွေ့အကြုံများပေါ် မူတည်၍ ထိုအချက်အလက်များကို မှတ်တမ်းမတင်ရသေးခင်တွင် ပျောက်ပျက်သွားနိုင်သည်။

ထို့ကြောင့် စီမံကိန်းတွင်ပါဝင်နေသည့် သူအားလုံးဆီမှ စီမံကိန်းနှင့် ပတ်သတ်သည့် လုပ်ငန်းအချက်အလက်များကို စုဆောင်းနိုင်သည့် စံနည်းလမ်း သို့မဟုတ် နည်းစနစ်တခု လိုအပ်သည်။

စောင့်ကြည့်လေ့လာခြင်းစနစ်သည် တည်ငြိမ်သည် သို့မဟုတ် ပြောင်းလဲနိုင်သည်။

- ပြောင်းလဲနိုင်သည် ဆိုသည်မှာ စီမံကိန်းပေါ်မူတည်၍ မတူညီသည့်အဆင့်တွင် ပြောင်းလဲနိုင်သည်။
- တည်ငြိမ်သည် ဆိုသည်မှာ စီမံကိန်းတလျှောက်လုံးတွင် မပြောင်းလဲပဲ တည်ငြိမ်နေသည်။

ကျွန်တော်တို့ ဆွေးနွေးခဲ့သည့် အကြောင်းပြချက်များကြောင့် FAO နှင့် စီမံကိန်း မိတ်ဖက် အဖွဲ့အစည်းများမှ ကျွန်တော်တို့၏ အလုပ်များကို စောင့်ကြည့်လေ့လာရန် လိုအပ်ခြင်းနှင့် ကျွန်တော်တို့ကိုယ်တိုင်လည်း ကျွန်တော်တို့ လုပ်ကိုင်နေသည့် အလုပ်များကို နည်းစနစ်တကျ စောင့်ကြည့်လေ့လာရန်လိုအပ်သည်။

ဤနည်းစနစ်သည် ယုတ္တိကျသောမူဘောင်ခွဲခြမ်းစိတ်ဖြာမှု (LFA) ဇယားရှင်းကို အခြေခံထားခြင်းဖြစ်ပြီး ဤအကြောင်းကို သင်တန်း၏ နောက်ပိုင်းအချိန်များတွင် ဆွေးနွေးကြမည်။

## But First – how we do things is just as important and what we do;

Monitoring is much more than a system, it is about a way of doing things, and the way of doing monitoring could be called a monitoring attitude. The methods chosen to monitor something should be designed to fit;

- The specific requirements of the project
- The size of each project
- The capacity of each organization involved
- What we hope to learn, and very importantly;
- The operational context, such as - is it safe to do this?

Monitoring should be practical, participatory, ensure quality in the project, and give other people insight into the project.

A monitoring system may look impressive, but it is only valid if:

- It is understood by those using it
- It is actually used, and used regularly
- It is adapted or changed if it is not working properly, and;
- If it manages to produce relevant information which informs us about the project activities and progress, in a way that the information can be collated later for reports

## ပထမဆုံးအနေဖြင့် - ကျွန်တော်တို့ ဘယ်လိုလုပ်သလဲဆိုတာသည် ဘာလုပ်လဲဆိုတာကဲ့သို့ အရေးကြီးသည်

စောင့်ကြည့်လေ့လာခြင်းသည် နည်းစနစ်တခုထက်ပိုပါသည်။ စောင့်ကြည့်လေ့လာခြင်းသည် တခုခုကို လုပ်ဆောင်ရမည့် နည်းလမ်းဖြစ်ပါသည်။ ဤကဲ့သို့ လုပ်ဆောင်ခြင်းကို စောင့်ကြည့်လေ့လာခြင်း သဘောတရားဟုလဲ ခေါ်ပါသည်။ စောင့်ကြည့်လေ့လာခြင်းအတွက် ရွေးချယ်ထားသည့် နည်းလမ်းသည် အောက်ပါအချက်များနှင့် သင့်တော်ရမည်ဖြစ်သည်။

- စီမံကိန်းအတွက် တိကျသည့် လိုအပ်ချက်များ
- စီမံကိန်းတခုချင်းစီ၏ အရွယ်အစားများ
- ပါဝင်သည့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်များ
- အရေးအကြီးဆုံးဖြစ်သည့် ဘာတွေကို လေ့လာနိုင်မည်ဟု မျှော်လင့်ထားချက်များ
- လုံခြုံ စိတ်ချရမှု ရှိလား ကဲ့သို့သော လုပ်ငန်းလည်ပတ်ရမည့် အကြောင်းအရာများ

စောင့်ကြည့်လေ့လာခြင်းသည် လက်တွေ့ကျရမည်၊ ပါဝင်ပူးပေါင်းဆောင်ရွက်ရမည်၊ စီမံကိန်း၏ အရည်အသွေးကို အာမခံနိုင်ရမည် နှင့် စီမံကိန်းအတွင်းသို့ အခြားသူများ၏ အတွေးအသိအမြင် အကြံဉာဏ်များကို ပံ့ပိုးပေးရမည်။

စောင့်ကြည့်လေ့လာရေးစနစ်သည် အရမ်းကောင်းချင်ကောင်းနေပါလိမ့်မည် သို့သော် အောက်ပါ အချက်များ ပါဝင်မှသာလျှင် ကျိုးကြောင်းညီညွတ်ခိုင်လုံသည့် စောင့်ကြည့်လေ့လာမှုစနစ် ဖြစ်ပါလိမ့်မည်။

- အသုံးပြုသည့်သူများ နားလည်နိုင်ရမည်။
- အမှန်တကယ်အသုံးပြုရန်နှင့် ပုံမှန်အသုံးပြုနေရမည်
- စနစ်က လုပ်ဆောင်ချက်မကောင်းလျှင် ပြောင်းလဲ သို့မဟုတ် လိုက်ဖက်အောင် ပြင်ဆင်ရမည်
- အစီရင်ခံစာအတွက် သိမ်းဆည်းထားနိုင်မည့် စီမံကိန်းလှုပ်ရှားမှုများနှင့် လုပ်ငန်းစဉ်များနှင့် သက်ဆိုင်သည့် အချက်အလက်များကို ကျွန်တော်တို့ကို ပေးနိုင်ရမည်။

## Measuring Change using Qualitative Indicators

Projects that involve people, have a personal, group or community component, and this almost always involves getting people to do things differently than they did in the past.

Projects with skills training, or workshops with information sharing or awareness raising cannot be measured only by documenting the project activities, such as attending the training and then assuming something changed, or there was an outcome of some type.

To measure if there was a change we need to measure 'intangible' results or Qualitative results, such as changes in people's attitude or behaviour which tell us that something has changed.

To do this we both ask and look at what people do differently because of the project, and what actually changed (the evidence) because of doing something differently.

It is not as easy to measure to measure 'intangible' results as it is to measure 'tangible' results such as numbers like we did in the monitoring.

When using Qualitative measurements the most important thing is to describe who the change is for, is it;

For the person who attended the training or the workshop

OR

Someone else, and;

How did the training, the activity or the workshop cause the change in the person or community?

# အရည်အသွေးဆိုင်ရာညွှန်းကိန်းများကို အသုံးပြု၍ ပြောင်းလဲမှုများကို တိုင်းတာခြင်း

စီမံကိန်းတွင်ပါဝင်သည့် လူတိုင်းတွင် လူပုဂ္ဂိုလ်တဦးခြင်း၊ အဖွဲ့အစည်းလိုက် သို့မဟုတ် အသိုင်းအဝိုင်းတို့၏ အတွေ့အကြုံများရှိပြီး ဤ အတွေ့အကြုံများကြောင့် ၎င်းတို့ အရင်ကပြုလုပ်ခဲ့သည့်အရာများနှင့် မတူသည့် အကြောင်းအရာကို ပြုလုပ်စေသည်။

ကျွမ်းကျင်မှု သင်တန်း သို့မဟုတ် အသိပညာပေးဟောပြောပွဲ သို့မဟုတ် သတင်းအချက်အလက်ဝေမျှသည့် အလုပ်ရုံဆွေးနွေးပွဲများ ပါဝင်သည့် စီမံကိန်းများကို သင်တန်းတက်ခြင်းနှင့် တခုခုပြောင်းလဲသွားသည်ဟုယူဆခြင်း သို့မဟုတ် ပုံစံတမျိုးမျိုးဖြင့် ရလဒ်ထွက်လာသည် ကဲ့သို့သော စီမံကိန်း လှုပ်ရှားမှုများကို မှတ်တမ်းတင်ခြင်းတမျိုးတည်းဖြင့် မတိုင်းတာနိုင်ပါ။

တခုခုပြောင်းလဲသွားသည်ဟု ကျွန်တော်တို့ကို ပြောပြနိုင်သည့် လူတဦးဦး၏ သဘောထား သို့မဟုတ် အပြုအမူ ပြောင်းလဲမှုကဲ့သို့သော အရည်အသွေးဆိုင်ရာညွှန်းကိန်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာအားဖြင့် ထင်သာအောင် မပြနိုင်သည့်အကျိုးရလဒ်ကို တိုင်းတာရန် လိုအပ်သည့်အချိန်တွင် ပြောင်းလဲသွားကြောင်း ပြသရန်အတွက် တိုင်းတာရန် အသုံးပြုသည်။

ဤအရာကို ပြုလုပ်ရန်အတွက် ကျွန်တော်တို့သည် စီမံကိန်းကြောင့် လူတွေ ဘာတွေပြောင်းလုပ်သလဲနှင့် တခုခုပြောင်းလုပ်သည့်အတွက်ကြောင့် သက်သေအထောက်အထားအနေဖြင့် လက်တွေ့တွင် ဘာတွေပြောင်းလဲသွားလဲ ဆိုတာကို မေးခွန်းမေးခြင်းနှင့် ကြည့်ရှုခြင်း နှစ်မျိုးလုံးပြုလုပ်ရမည်။

ကျွန်တော်တို့ စောင့်ကြည့်လေ့လာခြင်းမှာပြုလုပ်သည့် ကိန်းဂဏန်းများကဲ့သို့သော မြင်သာထင်သာရှိမည့် ရလဒ်များကို တိုင်းတာသကဲ့သို့ မြင်သာထင်သာမရှိသည့် ရလဒ်များကို တိုင်းတာရန် မလွယ်ကူပေ။

အရည်အသွေးတိုင်းတာချက်များကို အသုံးပြုရာတွင် အရေးအကြီးဆုံးအချက်မှာ ပြောင်းလဲမှုမှာ မည်သူအတွက်ဖြစ်သည်ကို ဖော်ပြရန်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲ သို့မဟုတ် သင်တန်းတက်ရောက်သည့် သူအတွက်လား။

သို့မဟုတ်

တခြားတယောက်အတွက်လား နှင့်

သင်တန်း၊ လုပ်ရှားမှု သို့မဟုတ် အလုပ်ရုံဆွေးနွေးပွဲများသည် လူတဦး သို့မဟုတ် လူ့အသိုင်းအဝိုင်းတခုကို မည်သို့ ပြောင်းလဲသွားစေသလဲ။

Food and Agriculture
Organization of the
United Nations

## Examples of Qualitative Indicators

OK we had some workshops or some training sessions, and we had a lot of people at the workshop or training, but did this actually produce a change in;

- Attitudes
- Behaviour
- Ways of doing things or actions?

OR

Was the workshop interesting but then not used because it was too complex, or not relevant?

If the information delivered was used, how was it used? Many times information is used differently to what we intended.

This can be assessed by asking;

- How has the person, group or community acted or reacted differently?
- Have they made new strategies? New methods of doing things?

OR

- Has something else happened that nobody expected?

Systematic documenting of what is called behavioural change or social change involves asking people open-ended questions (questions you cannot answer yes or no), noting the different answers, and finding a way to understand and report on the answers.

When the answers are collated (grouped together) and reported they are called findings.

Qualitative findings are different than Quantitative measurements, they tell a story, this does not mean that they are unreliable, they are just different.

## အရည်အသွေးဆိုင်ရာညွှန်းကိန်း ဥပမာများ

ဟုတ်ပါပြီ။ ကျွန်တော်တို့ အလုပ်ရုံဆွေးနွေးပွဲအချို့နဲ့ သင်တန်းအချို့ ဖွင့်ခဲ့သည်။ ထိုသင်တန်းနဲ့ အလုပ်ရုံဆွေးနွေးပွဲတွင် လူတွေအများကြီးပါဝင်ခဲ့ပါသည်။ သို့သော် ဤသင်တန်းနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေက အောက်ပါအကြောင်းအရာများကို အမှန်တကယ် ပြောင်းလဲစေခဲ့ပါသလား။

- စိတ်နေသဘောထား
- အပြုအမူများ
- ပြုမူလုပ်ကိုင်သည့် နည်းလမ်းများ

### သို့မဟုတ်

အလုပ်ရုံဆွေးနွေးပွဲသည် စိတ်ဝင်စားဖို့ကောင်းပါသလား။ ထို့အပြင် အလုပ်ရုံဆွေးနွေးပွဲသည် မသက်ဆိုင်၍ သို့မဟုတ် အရမ်းရှုပ်ထွေးနေ၍ အသုံးပြု၍ မရပါသလား။

ပေးပို့လိုက်သည့် သတင်းအချက်အလက်ကို အသုံးပြုလျှင် မည်သို့အသုံးပြုပါသလဲ။ အကြိမ်တော်တောများများတွင် ပေးပို့လိုက်သည့် သတင်းအချက်အလက်များကို မိမိတို့၏ ရည်ရွယ်ချက်အပေါ်မူတည်၍ မတူညီစွာ အသုံးချကြပါသည်။

ဤအသုံးပြုခြင်းများကို အောက်ပါအကြောင်းအရာများ မေးခြင်းအားဖြင့် ဆန်းစစ်နိုင်ပါသည်။

- လူတဦးခြင်း၊ အဖွဲ့အစည်း၊ အသိုင်းအဝိုင်းက မည်သို့ ပြုမူ သို့မဟုတ် တုံ့ပြန်ပါသလဲ။
- သူတို့တွေ ဗျူဟာအသစ်တွေ ပြုလုပ်ပြီးပြီလား။ ပြုမူလုပ်ဆောင်မှု နည်းစနစ်အသစ်များ

### သို့မဟုတ်

- တဦးတယောက်မှ မမျှော်လင့်ထားတဲ့ အဖြစ်အပျက်တွေ ဖြစ်ပျက်နေပြီလား။

နားလည်နိုင်မည့် အစီရင်ခံစာပေါ်မှာ အဖြေများနှင့် မတူညီသည့် အဖြေများကို မှတ်သားထားသည်များ၊ (မှန်သည် မှားသည်ဟု ဖြေဆို၍ မရသည့်) အဖွင့်မေးခွန်းများမေးခြင်းပါဝင်သည့် အပြုအမူပြောင်းလဲမှု သို့မဟုတ် လူမှုရေးဆိုင်ရာပြောင်းလဲမှုဟု ခေါ်သည်များ နည်းစနစ်တကျ မှတ်တမ်းတင်ခြင်းတွင် ပါဝင်သည်။

အဖြေများအားလုံးကို စုဆောင်းပြီးသောအခါ အစီရင်ခံခြင်းကို တွေ့ရှိချက်များဟု ခေါ်သည်။

အရည်အသွေးဆိုင်ရာတွေ့ရှိချက်များသည် အရည်အတွက်ဆိုင်ရာ တိုင်းတာချက်များနှင့်မတူညီပါ။ သူတို့သည် ဖြစ်ပျက်ခဲ့သည်များကိုဖော်ပြသည်။ သို့ပေမဲ့ သူတို့ကို မယုံကြည်ရဟု အဓိပ္ပါယ်မသက်ရောက်ပါ။ သူတို့ နှစ်ခု မတူညီကြခြင်းသာ ဖြစ်ပါသည်။

## Make sure the Qualitative Indicators say something;

An 'intangible' result reported as 'Capacity building has enhanced organizational development' or "The training increased the knowledge of the participants', is not a result or output, it is just changing the wording a project objective or goal.

The statement above may be true but it does not tell us what actually happened because of the capacity building, OR what development changed, OR what happened because of the increased knowledge, and WHY.

An example is needed to show us the actual result, and what that results means.

To do this we ask WHO, WHAT, WHEN and HOW? And we make the sentence alive (active), for example;

Three members of the regional association of rice growers attended the capacity development workshops, and because of this they changed the way that they do things in their village. They changed the planting methods, and the use of fertilizer and this resulted in an increase in production of 20%.

### The Past and the Future

The statement above is talking about the past, it has already happened.

If you are going to talk about something that has not yet happened, something in the future, you need to have a direct quote. You need to write exactly what the person or group said, it is their statement that you are reporting, their intention to do something.

## အရည်အသွေးဆိုင်ရာညွှန်းကိန်းများသည် တခုခုကိုဖော်ပြသည်ကို သေချာအောင်လုပ်ပါ။

'စွမ်းဆောင်ရည်မြှင့်တင်ခြင်းသည် အဖွဲ့အစည်းတိုးတက်မှုကို ထောက်ပံ့ပေးသည်' သို့မဟုတ် 'သင်တန်းသည် သင်တန်းတွင်ပါဝင်သည့်သူများ၏ အသိပညာများကို တိုးမြှင့်ပေးသည်' ကဲ့သို့သော မမြင်သာသည့် ရလဒ်တို့ အစီရင်ခံခြင်းသည် ရလဒ် သို့မဟုတ် ထုတ်ကုန်မဟုတ်ပါ။ သူတို့သည် စီမံကိန်း ရည်ရွယ်ချက် သို့မဟုတ် ရည်မှန်းချက်ကို ပြောင်းလဲမည့် စာသားများဖြစ်သည်။

အထက်တွင် ပြောခဲ့သည့် စာကြောင်းသည် မှန်ချင်မှန်နေပေလိမ့်မည်။ သို့သော် စွမ်းဆောင်ရည်တိုးမြှင့်မှုကြောင့် ဘာတွေအမှန်တကယ် ဖြစ်ပျက်သွားတယ် သို့မဟုတ် တိုးတက်မှုက ဘာတွေပြောင်းလဲသွားတယ် သို့မဟုတ် အသိပညာတိုးတက်မှုကြောင့် ဘာတွေဖြစ်ပျက်သွားတယ်နှင့် ဘာကြောင့်ဖြစ်ပျက်သွားတယ် ကို မပြောပြပါဘူး။

ဥပမာသည် အမှန်တကယ်ရလဒ်နှင့် ရလဒ်၏ အဓိပ္ပါယ်ကို ဖော်ပြရန်လိုအပ်သည်။

ဤအရာများကို ပြုလုပ်ရန် ကျွန်တော်တို့ ဘယ်သူလဲ၊ ဘာလဲ၊ ဘယ်အချိန်လဲ နှင့် ဘယ်လိုလဲ ကို မေးရမည်။ ထို့အပြင် စာသားများကိုလည်း စိတ်ဝင်စားမှုရှိအောင် ပြုလုပ်ရမည်။ ဥပမာ -

ဒေသဆန်စပါးစိုက်ပျိုးရေးအသင်းမှ အသင်းဝင်သုံးယောက်သည် စွမ်းဆောင်ရည် မြှင့်တင်မှု အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ကြသည်။ ထိုသင်တန်းကြောင့် သူတို့ ကျေးရွာတွင် လုပ်ကိုင်နေသည့် အပြုအမူများပြောင်းလဲသွားသည်။ သူတို့ရဲ့ စိုက်ပျိုးရေးနည်းစနစ်၊ မြေဩဇာအသုံးပြုပုံကို ပြောင်းလဲလိုက်သည်အတွက် ရလဒ်အနေဖြင့် စိုက်ပျိုးထုတ်လုပ်မှု ၂၀% တိုးတက်လာခဲ့သည်။

## အတိတ်နှင့် အနာဂတ်

အပေါ်မှ စာကြောင်းသည် အတိတ်တွင် ဖြစ်ပျက်ခဲ့သည့် အကြောင်းကို ပြောပြသည်။ ထိုအရာသည် ဖြစ်ပျက်ခဲ့ပြီးပြီဖြစ်သည်။

အကယ်၍ သင်သည် မဖြစ်ပျက်သေးသည့် အနာဂတ် တစုံတခုအကြောင်းပြောချင်လျှင် တိုက်ရိုက်ကိုးကားချက် ရှိရန်လိုအပ်သည်။ သင်သည် လူတဦး သို့မဟုတ် အဖွဲ့အစည်းတခုပြောသည့် အကြောင်းအရာများကို အတိအကျရေးရန်လိုအပ်သည်။ အစီရင်ထားသည့်အကြောင်းအရာသည် လူတဦး သို့မဟုတ် အဖွဲ့အစည်းတခုကပြောသည့် ၎င်းတို့၏ တစုံတခုကို လုပ်ချင်သည့် ရည်ရွယ်ချက်ဖြစ်ရမည်။

## What is Evaluation?

Evaluation is essentially research, we have questions to answer that cannot be answered with a yes or a no, and therefore we do research (conduct an evaluation) to answer questions, such as;

- Did we plan the project properly?
- Did we do good job?
- Did we reach out to the right people?
- What has improved or changed, because of the project?
- What could we have done better?

So that we can answer these sorts of questions, and learn things to improve our planning, monitoring and reporting systems, evaluations have a completely different methodology and process, and should be undertaken by someone who is not involved in the project.

The reason we need someone who is not involved in the project, is so that we need to get an independent viewpoint or independent opinion and assessment of the project.

We learn from everything we do, and therefore everything we do teaches us how to do it better next time;

### BUT

Doing an evaluation is how we find out things we did not know to ask, we do this by letting people tell us, that is why we cannot use just lots of questions we have to ask questions with no easy answer and listen.

## အကဲဖြတ်သုံးသပ်ခြင်းဆိုသည်မှာ ဘာလဲ။

အကဲဖြတ်သုံးသပ်ခြင်းသည် မရှိမဖြစ် သုတေသနဖြစ်သည်။ ကျွန်တော်တို့တွင် မှားသည် သို့မဟုတ် မှန်သည်ဟု ဖြေဆို၍ မရသည့် မေးခွန်းများရှိသည်။ ထိုသို့သော မေးခွန်းများကို ဖြေရန်အတွက် ကျွန်တော်တို့ သုတေသန( အကဲဖြတ်သုံးသပ်ရန်) လုပ်ကြသည်။ မေးခွန်းများမှာ -

- ကျွန်တော်တို့ စီမံကိန်းကို သေသေချာချာ အစီအစဉ်ဆွဲထားလား။
- ကျွန်တော်တို့ လုပ်ဆောင်ချက် ကောင်းလား။
- ကျွန်တော်တို့ မှန်ကန်သည့် သူ့ဆီကို ရောက်ရဲ့လား။
- စီမံကိန်းကြောင့် ဘာတွေတိုးတက် သို့မဟုတ် ပြောင်းလဲသွားလဲ။
- ကျွန်တော်တို့ ဘာတွေပိုကောင်းမွန်အောင် လုပ်နိုင်မလဲ။

ထို့ကြောင့် ကျွန်တော်တို့ ဤကဲ့သို့သော မေးခွန်းများကို ဖြေဆိုနိုင်ပြီး အစီအစဉ်ရေးဆွဲခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံနည်းစနစ်တို့ကို အဆင့်မြှင့်တင်ရန် အကြောင်းအရာများကို လေ့လာနိုင်သည်။ အကဲဖြတ်သုံးသပ်ခြင်းသည် လုံးဝမတူညီသည့် နည်းစနစ်နှင့် လုပ်ငန်းစဉ်ဖြစ်ပြီး အကဲဖြတ်သုံးသပ်ခြင်းကို စီမံကိန်းနှင့် မသက်ဆိုင်သည့် သူတဦးမှ လုပ်ဆောင်သင့်သည်။

စီမံကိန်းနှင့် မသက်ဆိုင်သည့်သူ လုပ်ဆောင်သည့်အတွက် စီမံကိန်းကို အကဲဖြတ်ရာတွင် အမှီအခိုကင်းသော အကြံဉာဏ်နှင့် အမြင်များ ရရှိရန် လိုအပ်သည့်အတွက်ဖြစ်သည်။

ကျွန်တော်တို့ လုပ်သည့် အလုပ်အကုန်လုံးမှ လေ့လာနိုင်သည်။ ထိုလေ့လာထားသည့် အကြောင်းအရာများ ကလည်း နောက်တခါလုပ်ဆောင်ရာတွင် ပိုမိုကောင်းမွန်အောင် မည်သို့လုပ်ဆောင်ရမည်ကို သင်ကြားပေးသည်။

### သို့သော်

ကျွန်တော်တို့ မေးဖို့ မသိသေးသည့်အရာများကို သိရှိရန်၊ လူများမှ ကျွန်တော်တို့ကို ပြောပြရန် အကဲဖြတ်သုံးသပ်ခြင်းကို လုပ်ဆောင်သည်။ ထို့ကြောင့် ကျွန်တော်တို့သည် မေးခွန်းအများကြီးမေးခြင်းကို အသုံးမပြုနိုင်ပါ။ ကျွန်တော်တို့သည် ဖြေဖို့ခက်သည့်မေးခွန်းများကို မေးပြီး နားထောင်ရန်လိုအပ်သည်။

## Evaluations allow us to Learn

The questions we asked in the evaluation are assessing or testing the 'project logic' in the 'logical framework'. This testing tells us if our original thinking about the project was correct or not.

From the information we gather in the monitoring and put into the reports and the evaluation we can now learn from this project and design or plan the next project to be better.

Did things change the way we thought they would? OR Did something else happen?

The evaluation should tell us if we 'imagined' the project implementation and outputs correctly, and allows us to ask the big question. How could we have done the project better?

- Through the questions we use in the evaluation we need to find out;
- Did we plan the project properly?
- We need to identify where we got things right?
- Was everyone happy or only some people?
- If it was only some people, why was there a difference?
- Did we do good job?
- Did we reach out to the right people?
- What could we have done better?

## အကဲဖြတ်သုံးသပ်ခြင်းသည် ကျွန်တော်တို့ကို သင်ကြားခွင့်ပေးသည်

ကျွန်တော်တို့ အကဲဖြတ်သုံးသပ်ခြင်းတွင် မေးသည့် မေးခွန်းများသည် ယုတ္တိဗေဒမူဘောင်အတွင်းရှိ စီမံကိန်းယုတ္တိဗေဒ သဘောတရားများကို ဆန်းစစ်ရန်နှင့် စမ်းသပ်ရန် အသုံးပြုသည်။ ဤသို့စမ်းသပ်ခြင်းသည် ကျွန်တော်တို့ စီမံကိန်းအတွက် တွေးထားသည့် အတွေးများသည် မှန်သည် မှားသည်ကို ဖော်ပြပေးသည်။

စောင့်ကြည့်လေ့လာပြီးစုဆောင်ထားသည့် သတင်းအချက်အလက်များကို အစီရင်ခံစာတွင် ထည့်သွင်းပြီး အကဲဖြတ်သုံးသပ်ခြင်းဖြင့် စီမံကိန်းအကြောင်းကို လေ့လာနိုင်ပြီး နောက်စီမံကိန်းတွင် ဒီဇိုင်း သို့မဟုတ် အစီအစဉ်ကို ပိုမိုကောင်းမွန်အောင်လုပ်ဆောင်နိုင်သည်။

ကျွန်တော်တို့ စဉ်းစားထားသကဲ့သို့ ပြောင်းလဲရမည့် အရာများ ပြောင်းလဲသလား။ သို့မဟုတ် အခြားတခုခု ဖြစ်ပျက်ခဲ့သလား။

အကဲဖြတ်သုံးသပ်ခြင်းသည် ကျွန်တော်တို့ စဉ်းစားပုံဖော်ထားသည့် စီမံကိန်းအကောင်အထည်ဖော်ခြင်းနှင့် ရလဒ်များသည် မှန်ကန်သည်ကို ဖော်ပြသင့်သည်။ ထို့ကြောင့် ကျွန်တော်တို့သည် ဒီစီမံကိန်းကို ပိုမိုကောင်းမွန်အောင် ဘယ်လိုလုပ်မလဲဆိုသည့် မေးခွန်းကို မေးဖို့ အခွင့်အရေးရခဲ့သည်။

- အကဲဖြတ်သုံးသပ်ခြင်းတွင် အသုံးပြုသည့် မေးခွန်းများမှတဆင့် ကျွန်တော်တို့သိချင်သည်များကို ရှာဖွေနိုင်။
- ကျွန်တော်တို့ စီမံကိန်းကို သေသေချာချာ အစီအစဉ်ရေးဆွဲခဲ့သလား။
- ကျွန်တော်တို့ လုပ်ဆောင်သည်များ မှန်ကန်မှုရှိသည်ကို ခွဲခြားရန်။
- အကုန်လုံး ပျော်ရွှင်ရဲ့လား သို့မဟုတ် တချို့တဝက်ပဲလား။
- အကယ်၍ လူတချို့တဝက်ပဲဆိုလျှင် ဘာကြောင့် ခြားနားတာလဲ။
- ကျွန်တော်တို့ အလုပ်ကို ကောင်းကောင်းမွန်မွန် လုပ်ရဲ့လား။
- ကျွန်တော်တို့ ရောက်သင့်တဲ့သူဆီရောက်ရဲ့လား။
- ကျွန်တော်တို့ ပိုမိုကောင်းမွန်အောင်ဘာလုပ်နိုင်မလဲ။

## Learning from this project to design the next project better

We need to identify if we need to change our target group, to ensure that the people who need assistance from the project the most, receive the most benefits, and;

We need to identify if when we spoke to the beneficiaries of the project, did we ask best questions about what we could have done differently, so that the outcome was better.

Through all of this we listen and learn from those people we spoke to and we design and plan the next project better

## Why do we do any of this? -2

- If you do not measure results, how will you tell success from failure?
- If you cannot show success, how can you reward it?
- If you cannot reward success, will you reward failure by mistake?
- If you cannot see success, how can you learn from it?
- If you cannot see mistakes, how can you correct them?
- If you can show good results, you can win support for the next project, and we all get to do more good work, and the keep our jobs! Everybody wins!

## နောက်စီမံကိန်းကို ပိုမိုကောင်းမွန်သော ဒီဇိုင်းရေးဆွဲနိုင်ရန် ယခုစီမံကိန်းမှ သင်ယူခြင်း

စီမံကိန်းမှ အကူအညီ အလိုအပ်ဆုံး လူများ၊ အကျိုးကျေးဇူးခံစားခွင့် အရှိဆုံးလူများ သေချာစေရန်အတွက် ကျွန်တော်တို့၏ သတ်မှတ်ထားသောအုပ်စုများ ပြောင်းလဲဖို့လိုလျှင် ဖော်ထုတ်ရန် လိုအပ်သည်။ ထို့အပြင်

စီမံကိန်း၏ အကျိုးခံစားခွင့်ရှိသူများ နှင့် စကားပြောဆိုသည့်အခါ ကျွန်တော်တို့ ကွဲပြားခြားနားအောင် ဘာတွေလုပ်ခဲ့လဲဆိုသည်ကို အကောင်းဆုံးမေးခွန်းများမေးခဲ့သလားဟူ၍ ကျွန်တော်တို့ဖော်ထုတ်ရန် လိုအပ်သည်။ သို့မှသာ ပိုမိုကောင်းမွန်သော ရလဒ်များ ရခဲ့မည်။

ကျွန်တော်တို့စကားပြောခဲ့သော လူများထံမှ နားထောင်ပြီး သင်ယူခဲ့သည်များမှ တစ်ဆင့် ကျွန်တော်တို့ ဒီဇိုင်းရေးဆွဲနိုင်ပြီး နောက်စီမံကိန်း ပိုမိုကောင်းမွန်ရန် အစီအစဉ် ရေးဆွဲနိုင်မည်။

## ဘာကြောင့် ကျွန်တော်တို့ ဒါတွေကို လုပ်ကြသလဲ

- အကယ်၍ ရလဒ်များကို မတိုင်းတာလျှင် ကျွန်တော်တို့ အောင်မြင်သည် မအောင်မြင်ဘူးကို မည်သို့ သတ်မှတ်မည်နည်း။
- အကယ်၍ အောင်မြင်မှုကို မပြနိုင်လျှင် ကျွန်တော်တို့ မည်ကဲ့သို့ ဆုပေးနိုင်မည်နည်း။
- အကယ်၍ အောင်မြင်မှုကို ဆုမပေးနိုင်လျှင် ကျွန်တော်တို့ မအောင်မြင်တာကို မှားယွင်းစွာ ဆုပေးမှာလား။
- အကယ်၍ အောင်မြင်မှုကို မမြင်နိုင်လျှင် ကျွန်တော်တို့ ဘယ်လိုသင်ယူနိုင်မှာလဲ။
- အကယ်၍ အမှားများကို မမြင်နိုင်လျှင် ကျွန်တော်တို့ အမှန်ဘယ်လိုပြင်နိုင်မှာလဲ။
- အကယ်၍ ကျွန်တော်တို့ အောင်မြင်မှုရလဒ်ကို ပြနိုင်လျှင် နောက်စီမံကိန်းအတွက် အထောက်အပံ့ ရရှိနိုင်မည်။ ထို့အပြင် ကျွန်တော်တို့လဲ အလုပ်မပြုတ်ပဲ အလုပ်ကို ဆက်လက်လုပ်နိုင်မည် ဖြစ်မည်ဖြစ်သည်။ အားလုံးအဆင်ပြေ စိတ်ချမ်းသာသည့် အခြေအနေဖြစ်သည်။

# Other things we need to think about

## Target Groups

The target of a project is inclusive, but not exclusive.

This means that when implementing the project need to work hard to include all the people in the target group, such as;

- All female headed households, or;
- All people in a certain area, or;
- All the children under 5, but;

We have to also be careful not to cause problems (create social separation) in a village or community by including some people and not including other people.

In particular be careful about excluding someone who 'self-identifies as needing inclusion'. By this we mean someone who approached the project and told you that they need help from the project.

Before we can include people from outside the target group we need to consider lots of different things. But one of the things we need to consider is including these people if we can once the target group has all been included.

If you think that excluding some people in a community might cause problems, please speak up, we are here to help solve problems (connect people), not create new problems, by doing things that might cause people to be upset (cause conflict).

# ကျွန်တော်တို့အခြားစဉ်းစားသင့်သောအရာများ

## သတ်မှတ်ထားသည့် အဖွဲ့အစည်းများ

စီမံကိန်း၏ ပန်းတိုင်သည် အားလုံးပါဝင်မှုဖြစ်သည်။ သို့သော် ဖယ်ထုတ်ထားခြင်းမဟုတ်ပါ။

ထို့ကြောင့် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် သတ်မှတ်ထားသောအဖွဲ့အစည်းတွင်းမှ သူများအားလုံးပါဝင်အောင် ကြိုးစားရမည်။

- အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအားလုံး
- နေရာအချို့မှ လူများအားလုံး
- အသက် ၅ နှစ်အောက် ကလေးများအားလုံး သို့သော်

ကျွန်တော်တို့သည် ကျေးရွာ သို့မဟုတ် အသိုင်းအဝိုင်းအတွင်း လူအချို့ကို ပါဝင်ခွင့်ပြုပြီး အခြားသူများကို ပါဝင်ခွင့်မပြုခြင်းကြောင့် (လူမှုရေးခွဲခြားမှု) ပြဿနာများမဖြစ်အောင် ဂရုစိုက်ရမည်။

ယေဘုယျအားဖြင့် ပါဝင်သင့်သည့် ဝိသေသလက္ခဏာရှိသည့်သူများကို မကျန်ရစ်ခဲ့စေရန် ဂရုပြုရမည်။ ဆိုလိုသည်မှာ စီမံကိန်းသို့ ချဉ်းကပ်လာပြီး စီမံကိန်းမှ အကူအညီလိုသည်ဟု လာရောက်ပြောဆိုသူများဖြစ်သည်။

ကျွန်တော်တို့သည် သတ်မှတ်ထားသည့် အဖွဲ့အစည်းပြင်ပမှသူများကို ပါဝင်ခွင့်ပေးခင် မတူညီသော အကြောင်းအရာများစွာကို ထည့်သွင်းစဉ်းစားရမည်။ သတ်မှတ်ထားသော အဖွဲ့အစည်းတွင်ပါဝင်သည့် သူများအားလုံး ပါဝင်ခွင့်ရပြီးမှသာလျှင် အဖွဲ့အစည်းပြင်ပမှသူများကို ပါဝင်ခွင့်ပေးရန် ထည့်သွင်းစဉ်းစားရမည်။

အကယ်၍ အသိုင်းအဝိုင်းထဲမှ လူတချို့ကို ချန်ထားခဲ့ခြင်းအတွက် ပြဿနာဖြစ်နိုင်မည်ဟု သင်ထင်လျှင် ထိုသူများနှင့် ဆွေးနွေးပါ။ ကျွန်တော်တို့က ဒီကို ပြဿနာများ ဖြေရှင်းဖို့အတွက် ရှိနေတာပါဟု ရှင်းပြပါ။ (ပဋိပက္ခ ဖြစ်မည့်) လူများ စိတ်မကောင်းဖြစ်စေမည့် အရာများကို ပြုလုပ်ပြီး ပြဿနာများကို ထပ်မဖန်တီးပါနှင့်။

## Case Studies

Case studies can be talking about the past, the present or the future. If we are going to talk about the future such as what might happen next week or next season, we need quotes from the beneficiaries, and this is best described in a case study.

A case study is a short story that tells the reader about who or what you are writing about.

A good case study needs to describe what it was like for the person, or community;

- Before the project started
- What happened to them when they were involved in the project and;
- What is different for them now because of the project?

## Accountability to Affected Populations (AAP) - 2

This does not appear to be generally well understood, and this is the mistake of FAO for not providing better information and training.

At the moment the AAP component consists of a complaint mechanism, through phone, email or in hard copy into a box in the community.

This is good, for people to complain, but not for the;

Consultative and community input that we should gather, and the;

Positive and constructive feedback that we need to hear just as much as the complaints.

## We want your input into designing this part of the training.

## ဖြစ်ရပ်လေ့လာမှု

ဖြစ်ရပ်လေ့လာမှုသည် အတိတ်၊ ပစ္စုပ္ပန် နှင့် အနာဂတ်အကြောင်းပြောခြင်း ဖြစ်နိုင်သည်။ အကယ်၍ ကျွန်တော်တို့သည် အနာဂတ်တွင် နောက်တပတ် သို့မဟုတ် နောက်ရာသီတွင် ဘာဖြစ်မည်ကို ပြောဆိုလျှင် အကျိုးခံစားခွင့်ရှိသူ၏ ကိုးကားချက်ပါသင့်သည်။ ထို့အပြင် ဤအချက်သည် ဖြစ်ရပ်လေ့လာမှုကို အကောင်းဆုံးဖော်ပြသည်။

ဖြစ်ရပ်လေ့လာမှုသည် ပုံပြင်အတိုဖြစ်ပြီး စာဖတ်သူကို ဘယ်သူ သို့မဟုတ် ဘာအကြောင်း သင်ရေးနေသလဲဆိုတာကို ပြောပြသည်။

ကောင်းမွန်တဲ့ဖြစ်ရပ်လေ့လာမှုဆိုသည်မှာ လူတဦး သို့မဟုတ် အသိုင်းအဝိုင်းတခုအတွက် ဘာနဲ့တူလဲဆိုသည်ကို ဖော်ပြရန်လိုအပ်သည်။

- စီမံကိန်းမစတင်မှီ
- စီမံကိန်းတွင်ပါဝင်လျှင် သူတို့အပေါ်တွင် ဘာတွေဖြစ်ပျက်နိုင်မလဲ နှင့်
- စီမံကိန်းကြောင့် သူတို့ ဘာတွေပြောင်းလဲသွားသလဲ။

## လူဦးရေအပေါ်တွင် သက်ရောက်မှုကို တာဝန်ခံ/ တာဝန်ယူနိုင်မှု (AAP)

သတင်းအချက်အလက်နှင့် သင်တန်းကို သေသေချာချာ မထောက်ပံ့ပေးခြင်းသည် FAO ၏အမှားဖြစ်ပြီး ဤအချက်ကို ယေဘူယျအားဖြင့် သေသေချာချာ နားလည်သည့်ပုံစံ မဟုတ်ပေ။

ယခုလက်ရှိတွင် AAP အစိတ်အပိုင်းအနေဖြင့် တိုင်ကြားခြင်း ယန္တရားသာရှိပြီး ဖုန်းဖြင့်ဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ၊ စာရွက်ကို ရပ်ရွာလူထုအတွင်းရှိ တိုင်ကြားစာပုံးအတွင်းထည့်၍ဖြစ်စေ တိုင်ကြားနိုင်ခြင်းသာရှိသည်။

တိုင်ကြားချင်သည့်သူတွေအတွက် အဆင်ပြေဖြစ်သည်။ သို့သော်

အကြံပြုချက်များနှင့် ရပ်ရွာလူထု၏ ဖြည့်စွက်မှုများကို စုဆောင်းခြင်းနှင့်

အပြုသဘောဆောင်သော အထောက်အကူဖြစ်စေသော တုံ့ပြန်မှုများကို တိုင်ကြားစာများနည်းတူ ရရှိလိုပါသည် ။

### ဤသင်တန်းကို ဒီဇိုင်းရေးဆွဲရန်အတွက် သင်၏အကြံဉာဏ်များလိုအပ်သည်။

Food and Agriculture Organization of the United Nations